# AROMA
ဝိညာဉ်ရေးထုတ်စာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

January 2009 အတွဲ ၆၊ အမှတ် ၁။ ကရာနီမြန်မာအသင်းတော်(ဂါရှင်တန်ဒီစီ)ဓမ္မဝေလီနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။


**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

## ယခုလဖတ်စရာ


- မြည်တမ်းသောအသံ
- ထူးတဲ့မောင်မယ်ဖြစ်ခြင်းသလား
- ကျွန်ုပ်၏အသက်တာ
- သူတစ်ပါး၌



### ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

### အယ်ဒီတာအဖွဲ့

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

### ကွန်ပြူတာစာစီ

မတိုး

---

စာမူပေးပို့လိုသူများအောက်ပါ လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820


# မြည်တမ်းသောအသံ

'ထာဝရဘုရားသခင်သည် ကမ္ဘာဦးအစ၌ ၆ ရက်အတွင်းဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီး သတ္တမနေ့ရောက်လျှင် ငြိမ်ဝပ်စွာနေတော်မူ၏ သို့သော် ဘုရားသခင်သည် အဋ္ဌမနေ့မှ စတင်၍ လူသားများ၏ အပြစ်တင်လျှက် မြည်တမ်းသောစကားသံ (Complain) ကိုဖြေရှင်းပေးနေရ သည်မှာ ယနေ့ထိဖြစ် ပါသည်။

သမ္မာကျမ်းစာထဲမှ ပထမဦးဆုံးအပြစ်တင်၊ အပြစ်ရှာတတ်သူကို ညွှန်ပြရမည်ဆိုလျှင်လူယောကျ်ားအာဒံပင်ဖြစ်ပေသည်။ ဘုရားသခင်တားမြစ်ထားသော အပင်၏ အသီးကိုစားမိသောကြောင့်ကြောက်၍ ပုန်းကွယ်နေခဲ့ရသည်။ ဘုရားသခင်က' မစားရဟုငါပညတ်သောအပင်၏ အသီးကို စားပြီလော' ဟုမေးတော်မူသောအခါ အာဒံက' ကျွန်တော်၌ပေးအပ်တော်မူသောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်' ဟုလျှောက်လေ၏။ အာဒံ၏ လျှောက်တင်ချက်တွင် ဘုရားသခင်နှင့်လူမိန်းမကို အပြစ်တင်ထားသည်ကိုတွေ့ရသည်။ ကိုယ်တိုင်ရှာ၍ယူထားသောမိန်းမ မဟုတ် ကိုယ်တော်ရှင်ပေးထားသောမိန်းမကြောင့် ကျွန်ုပ်စားမိပါသည်ဟု အပြစ်တင်ချက်ကိုတွေ့ရှိရသည်။ ထို့ကြောင့် ဖန်ဆင်းခြင်းအစကတည်းကပင် ကျွန်ုပ်တို့ လူသားများသည် ပြဿနာတစ်ခုခု ပေါ်လာလျှင် ဘုရားကိုသော်လည်းကောင်း၊ လူသား အချင်းချင်းကိုသော်လည်းကောင်း၊ အပြစ်ရှာခြင်း၊ အပြစ်တင်ခြင်း၊ ညည်းညူခြင်း၊ မြည်တမ်းခြင်း၊ မကျေနပ်ချက်ဖွင့်ဟခြင်းအစရှိသည့် Complain လုပ်ခြင်းအရာကို အထူးပင် ခုံမင်နှစ်သက်ကြောင်းပြင်း ဆို၍မရနိုင်ပါ။

နှင်းဆီပန်းရှိဆူးများကြောင့်ပြစ်တင်ဝေဖန်မည့်အစား
ဆူးများကြားမှနှင်းဆီပန်းအတွက်ကျေးဇူးချီးမွမ်းလေ

ကျွန်ုပ်တို့သည်တချိန်ပြီးတချိန်၊ အကြောင်းအရာတစ်ခုပြီးတစ်ခုကို အပြစ်တင်မြည်တမ်းနေတတ်သူများဖြစ်ပါသည်။ လူအချို့က ပေါ်ပေါ်ထင်ထင်၊ အချို့ကတီးတိုး မကြားတကြား အပြစ်တင်မြည်တမ်းတတ်ကြပါသည်။ သို့သော် တမန်တော်ကြီးရှင်ပေါလုကဖိလိပ္ပိ ၂း၁၄ ၌ ' သင်တို့သည်ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်း၊ မရှိဘဲပြုကြလော့' ဟူ၍ သွန်သင်ထားပါသည်။ ပြုလေသမျှတို့၌ ဟုဆိုရာတွင် စားသောက်ခြင်း၊ ပြောဆိုနေထိုင် သွားလာလှုပ်ရှားခြင်း၊ လုပ်ငန်းခွင်၊ အမှုတော်မြတ်၊ ပေးကမ်းစွန့်ကြဲခြင်း..... အစရှိသော အရာခပ်သိမ်းကို လုပ်ဆောင်ရာ၌ ငြီးငြူခြင်း၊ မြည်တမ်းခြင်း၊ အပြစ်ရှာခြင်းမရှိဘဲ လုပ်ကိုင်ဖို့ရန်ဖြစ်သည်။ သို့သော်ကျွန်ုပ်တို့သည် အစဉ်အမြဲညည်းညူမြည်တမ်း၊ အပြစ်ရှာတတ်သူများ ဖြစ်သောကြောင့် ဤကျမ်းပိုဒ်ကိုလိုက်နာရန် အင်မတန်အခက်အခဲဖြစ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အပြစ်တင်မြည်တမ်းလိုက်ခြင်း အားဖြင့် ပြဿနာသေးငယ်လာပါသလား အကျိုးမထူးပါ။ အပိုသက်သက်သာဖြစ်သည်ကို တွေ့ရပါသည်။

ဣသရေလအမျိုးသားများသည် အဲဂုတ္တုပြည်မှထွက်ခွာ၍ ခါနန်ပြည်သို့သွားရာလမ်းခရီးတလျှောက် တောထဲတွင်လှည့်လည်သွားစဉ် ဒုက္ခပြဿနာတွေ့တိုင်း သူတို့ကို ဦးဆောင်သော မောရှေနှင့်အာရုန်ကို အပြစ်တင်သည်သာမကဘုရားသခင်ကိုလည်း အပြစ်တင်သည်ကိုတွေ့ရှိရပါသည်။ (ထွက်မြောက်ရာကျမ်း – ၁၅း၂၄ ၊ ၁၆း၃ ၊ ၁၇း၃ ) တောလည်ရာကျမ်း – ၁၄း၂ ၊ ၁၆း၁၁ ၊ ၁၆း၄၁ ) ထို့ကြောင့်သမ္မာကျမ်းစာထဲမှ ဣသရေလအမျိုးသားများ၏ အပြစ်တင်မြည်တမ်းခြင်းကြောင့် ပေးဆပ်ရသောအဖိုးအခကို လေ့လာ၍နမူနာယူကြပါစို့။ (တရားဟောရာကျမ်း ၁း၁၉–၃၈ )

## ၁။ အပြစ်တင်မြည်တမ်းခြင်း၏ အကြောင်းရင်း

(တရား ၁း ၂၆) ဘုရားသခင်သည်ဣသရေလအမျိုးသားတို့အား ခါနန်ပြည်ကိုသင်တို့ရှေ့မှာထားတော်မူပြီ၊ တက်သွား၍သိမ်းယူလော့ဟုပြောဆိုသော်လည်း သူတို့သည်ဘုရားသခင်၏အမိန့်တော်ကိုဆန့်ကျင်၍ မသိမ်းယူသည်သာမက ထာဝရဘုရားသည်ငါတို့ကိုမုန်း၍ ဖျက်ဆီးချင်သောကြောင့် အာမောရိလူတို့လက်၌အပ်လိုသောကြောင့် အဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့သည်ဟူ၍ အပြစ်တင်မြည်တမ်းခဲ့သည်ကိုတွေ့ရပါသည်။ ထို့အတူ ကျွန်ုပ်တို့သည်လည်း ထာဝရဘုရား၏အမိန့်တော်ကိုဆန့်ကျင်သောအခါ၊ အကြောင်းအရာတစ်ခု(သို့) တစ်ဦးတစ်ယောက်ကို ဆန့်ကျင်သောအခါအပြစ်တင်မြည်တမ်းလေ့ရှိတတ်ပါသည်။ (တရား ၁း၂၈ )

ဣသရေလအမျိုးသားတို့က အာမောရိလူတို့သည် သူတို့ထက်သာ၍ကြီးသည်၊ အရပ်လဲသာ၍မြင့်သည်။ မြို့လဲမိုးကောင်းကင်သို့ထိသောမြို့ရိုးရှိသည် ဆိုသောသတင်းကို ကြားလိုက်ရသည်နှင့် ထိုမြို့သို့သွားရောက်မသိမ်းပိုက်ရဲဘဲ မိမိတို့တဲများ၌ အပြစ်တင် မြည်တမ်းဆန့်ကျင်ဘက်ပြု ကြသည်ကိုတွေ့ရှိရပါသည်။ ထို့အတူကျွန်ုပ်တို့သည်လည်း ဒုက္ခ၊ ပြဿနာတခုခုကို ရင်ဆိုင်လိုက်တိုင်း ပထမဦးဆုံး တုန့်ပြန်သောအနေဖြင့်အပြစ် တင်မြည်တမ်းလေ့ရှိကြပါသည်။(တရား ၁း၃၃) အဲဂုတ္တုပြည်မှ ခါနန်ပြည်နယ်စပ်သို့သွားရာလမ်းတလျှောက်လုံး ဘုရားသခင်သည် ဣသရေလအမျိုးသားများအား သားကိုချီပိုက်သကဲ့သို့လမ်းပြခေါ်ဆောင်လာခဲ့သည်သာမက ခါနန်ပြည်ကိုဝင်ရောက်သိမ်းပိုက်ရန် စစ်ကူတော်မူမည် ဟုဆိုသော်လည်း စကားတော်ကိုမယုံကြည်ဘဲ အပြစ်တင်မည်တမ်းသည်ကိုတွေ့ရှိရပါသည်။ ထို့အတူ ကျွန်ုပ်တို့သည်လည်း ဘုရားသခင် (သို့) လူတစ်ဦးတယောက် (သို့) ဆုံးဖြတ်ချက်တခုခုကို မယုံကြည်၊ လက်မခံနိုင်သောအခါ အပြစ်တင်မြည်တမ်းလေ့ ရှိတတ်ပါသည်။

## ၂။ အပြစ်တင်မြည်တမ်းခြင်း၏အဖိုးအခ

အပြစ်တင်မြည်တမ်းခြင်းသည် ကူးစက်တတ်သောအရာဖြစ်ပါသည်။ မိမိတို့နေထိုင်ရာတဲအတွင်းမှစတင်၍ အပြစ်တင်မြည်တမ်းရာမှကူးစက်၍ ဣသရေလ တစ်မျိုးသားလုံး ငြီးထွားပြစ်တင်ကြကြောင်း တွေ့ရှိရပါသည်။ ထို့အတူမိမိတို့အိမ်ထောင်ပတ်ဝန်းကျင်၊ အသင်းတော်၊ အဖွဲ့အစည်းများ၌ တစ်ဦးတစ်ယောက်မှစတင်၍ အပြစ်တင် မြည်တမ်းခြင်းကြောင့် အားလုံးထံသို့မကူးစက်ဖို့ရန် သတိပြုရပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့၌ အကောင်းမြင်စိတ်ထား၊ အကောင်းမြင် ဝါဒ အပြည့်ရှိလျှင် အပြစ်တင်မြည်တမ်းခြင်းသည် မကူးစက်နိုင်ပါ။

အပြစ်တင်မြည်တမ်းခြင်းအားဖြင့် ရန်လိုခြင်း၊ ရန်ဖြစ်ခြင်း၊ ကွဲပြားခြင်းတို့ ဖြစ်စေပါသည်။ ဣသရေလအမျိုးသားတို့သည် မောရှေနှင့်အာရုန်ကိုသော်၎င်း၊ ဘုရားသခင်ကိုသော်၎င်း အကြိမ်ကြိမ်အပြစ်တင်မြည်တမ်းရာမှအစပြု၍ အချင်းချင်းသဘောထား

ကွဲလွဲခြင်း၊ ကွဲပြားခြင်း၊ အပြစ်ကိုရောက်ရှိခဲ့ကြောင်းတွေ့ရပါသည်။ ထို့အတူ လူအချင်းချင်း (သို့) ဘုရားသခင်ကိုသော်၎င်း အပြစ်တင်အပြစ်မြင်ရာမှ ဘုရားသခင်နှင့် အဆက်ပြတ်ခြင်း၊ လူအချင်းချင်း မခေါ်မပြောနိုင်ကြခြင်း၊ ရန်လိုခြင်း အစရှိသောပြဿနာများ ဖြစ်ပွားနေသည်ကိုတွေ့ရှိရပါသည်။

အပြစ်တင်မြည်တမ်းခြင်းသည် မိမိ၏အကျိုးကို ဆုံးရှုံးနစ်နာစေသည်။ ဣသရေလအမျိုးသားများ၏ အကြိမ်ပေါင်းများစွာ အပြစ်တင်မြည်တမ်းသောအသံကို ထာဝရဘုရားကြား၍အမျက်တော်ထွက်သောကြောင့် သူတို့စစ်တိုက်သော်လည်း ရန်သူရှေ့မှာ စစ်ရှုံးခဲ့ရသည်။ ထာဝရဘုရားရှေ့တော်၌ ငိုကြွေးသော်လည်း သူတို့၏ စကားကိုထာဝရဘုရားနားမထောင်။ ထို့ကြောင့်အပြစ်တင် မြည်တမ်းသံများသည် ဘုရားသခင်၏ ကောင်းကြီးကိုလက်လွှတ်လိုက်ရပြီး မိမိအတွက် အကျိုးဆုတ်ယုတ်ခြင်းကိုသာ ဖြစ်စေကြောင်း တွေ့ရပါသည်။

**၃။ အပြစ်တင်မြည်တမ်းခြင်းကိုရပ်တန့်ခြင်း**

မပြည့်စုံသောကျွန်ုပ်တို့လူသားများသည် အနည်းနှင့်အများ အပြစ်တင်မြည်တမ်းခြင်းကိုကြားနေရသလို မိမိကိုယ်တိုင်လည်း ပြုကျင့်နေကြရပါသည်။ သို့သော်ပြဿနာ၊ အခြေအနေ၊ လူအချင်းချင်းအပေါ် မျက်စိဒေါက်ထောက်ကြည့်နေသမျှကာလပတ်လုံး အမြဲ ညည်းညူစရာ၊ အပြစ်တင်စရာ၊ ပြောစရာတွေ့ရပေမည်။ ထို့ကြောင့်ဘုရားသခင်အား စေ့စေ့မျှော်ကြည့်ချိန်ကို ပိုပိုသာသာပေးလိုက်ပါက အပြစ်တင်မြည်တမ်းဖို့အချိန် လျော့နည်းလာပြီး လုံးဝရပ်တံ့သွားပေလိမ့်မည်။ ထို့အပြင် ကျွန်ုပ်တို့သည်အပြစ်တင်မြည်တမ်းခြင်းထက် ပြဿနာ ရဲ့အဖြေကိုရှာဖွေဖြေရှင်းတတ်သူဖြစ်ရန် အထူးကြိုးစားသင့်ပေသည်။ ဘုရားသခင်၏ အမှုတော်မြတ်အတွက် အကျွန်ုပ်အဘယ်သို့အသုံးခံမည်နည်း (သို့) ဘုရားသခင်စေခိုင်းထားသော အလုပ်တာဝန်များကိုသာ ရှာကြံလုပ်ဆောင်နေပါက အပြစ်တင်မြည်တမ်းခြင်း ရပ်တံ့သွားပေလိမ့်မည်။ လက်တွေ့တွင်အနည်းငယ်လုပ်ဆောင်တတ်သူများသည် ကျယ်လောင်စွာ အပြစ်တင်မြည်တမ်းတတ်သောသူများဖြစ်သည် ဟူသောအဆိုကို အမြဲသတိရသင့်ပါသည်။

နာကျင်စေသောစကား ( Words of hurt) အစား မျှော်လင့်ခြင်းခွန်အားနှင့် ပြည့်သောစကား (Words of hope) ကိုသုံးဆောင်ဖို့ရန် အထူးအရေးကြီးပေသည်။ ***"ညစ်ညူးသောစကားတခွန်းကိုမျှ သင်တို့နှုတ်ထဲက မထွက်စေနှင့်။ ကြားနာသော သူတို့၏ အကျိုးကိုပြုစုစေခြင်းငှာ တည်ဆောက်စရာဘို့ကောင်းသော စကားကိုသာ သုံးဆောင်ကြလော့"***(ဧဖက် ၄း၂၉)။

***"သင်တို့သည်ပြုလေသမျှတို၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုကြလော့။ သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမှ မပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန် ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မှ မပါသော ဘုရားသခင်၏သားဖြစ်ကြလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် အရာရာ၌ အပြစ်တင်မြည်တမ်းနေသမျှ ကာလပတ်လုံး အပြစ်ရှိသူ၊ သူတပါးကိုပြစ်မှားသူ ဧကန်အမှန်ဖြစ်နေပါသည်။ အပြစ်တင်မြည်တမ်းခြင်းကို ရပ်တံ့နိုင်မှအဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်နိုင်ပေမည်"***(ဖိလိပ္ပိ ၂း၁၄–၁၆)။

***"လူတို့သည် အကျိုးမဲ့သောစကားကို ပြောသမျှအတွက်၊ တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကို ခံရကြလတံ့"*** ( ရှင်မဿဲ ၁၂း၃၆)။

ထို့အပြင်အကျိုးမဲ့သောစကား (အပြစ်တင်မြည်တမ်းသောစကား) လုံးတိုင်းကိုပြောလိုက်ခြင်းအားဖြင့် တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကိုခံရမည်ဖြစ်ကြောင်း အထူးသတိရပါ။

အချုပ်အားဖြင့် မိမိ၏လျှာကို မိမိကိုယ်တိုင်အုပ်စိုးပါကဒုက္ခတွေ့မည်မလွဲပေ။ မိမိ၏လျှာကို ထာဝရဘုရားသခင်အား ထိန်းချုပ်ခွင့် ပေးမှသာလျှင် အပြစ်တင်မြည်တမ်းခြင်းကို ရပ်တံ့နိုင်မည်။ ထို့ကြောင့် ၂၀၀၉ နှစ်သစ်၌ ဘုရားသခင်ထံ ခွန်အားအပြည့်ယူ၍ ငြီးငြူခြင်း၊ အပြစ်တင်မြည်တမ်းခြင်း၊ အပြစ်ရှာခြင်း၊ ငြင်းခုံခြင်းအစရှိသော (Complain) လုပ်ခြင်းကို မိမိတို့အသက်တာမှဖယ်ရှားလျှက် အကောင်းဆုံးအသက်ရှင်သွားကြပါစို့။

စာဖတ်ရှုသူမိတ်ဆွေများအပေါ် ဘုရားသခင် ကောင်းကြီး ပေးပါစေ။

Hkalaw Pan



# ထူးတဲ့မောင်မယ်ဖြစ်ခြင်းသလား

၁။ အထက်ပါမေးခွန်းကို တစ်ခါမျှ မတွေ့ဘူး ပါဘူး။

၂။ အဲဒီမေးခွန်းက ဖြေဖို့လွယ်လွန်းလို့ ဖြေတဲ့ သူတိုင်း ၁၀၀ ရာခိုင်နှုန်းအောင်မှာ သေချာတယ်

၃။ ဘာဖြစ်လို့လဲဆိုရင် သိတတ်တဲ့အရွယ် ကစပြီး သက်ကြီးရွယ်အိုအထိထူးတဲ့ ဖိုးဖိုး၊ ထူးတဲ့ဖွါးဖွါးဖြစ်ချင်ကြလို့ပါဘဲ။

ကျွန်တော်ကတော့ စာရှုသူများ ထက်ပိုတောင် ဖြစ်ချင်တယ်ဆိုတာကတော့ သေချာပါတယ်။

"ထူးတဲ့မောင်ဘွဲ့ရခဲ့ဘူးတဲ့ လူကတော့၊ လွန်ခဲ့တဲ့ ၅၈ ခုနှစ်က မြန်မာပြည် တပ်မတော်လေတပ်မှ ဗိုလ်မှူးခင်မောင်မြင့်ဘဲ ဖြစ်ပါတယ်။ သူကတပည့်တော်တစ်ဦးပါဘဲ၊ သူကဘာကြောင့် အဲဒီဘွဲ့ကို ရသလဲဆိုရင် (၁)သေနပ်ပစ်မှာ ပထမရတယ်။ (၂) အလေးမ မှာပထမရတယ် (၃) ပြေးခုန်ပစ်အားကစားမှာ ပထမသုံးမျိုးမှာရတယ်၊ စုစုပေါင်းပထမ ရတာကတော့ (၅) ခုဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်လေတပ်မှာ 'ထူးတဲ့မောင်' ဘွဲ့နာမနဲ့ စလွယ်ရခဲ့ပြီး၊ သူ့ကို ဂုဏ်ပြုကြတယ်။ နောင်လာနောက်သားများ သမိုင်းအဖြစ် သိခဲ့စေချင်တဲ့အတွက် ဒီမှတ်တမ်းကလေးတော့ ကြားညှပ်ပါရစေ။

ခသ ၁၉၅၀ ခု၊ တပေါင်းတခေါင်လများ၊ နောင်ဆိုတဲ့ တပေါင်းနဲ့ပူပြင်းသော ရတုနွေဖြစ်တဲ့ ဧပြီလ၊ မြန်မာပြက္ခဒိန်အရ တပေါင်းတန်ခူးပေါ့၊ နေရာအားဖြင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ဗါးကရာအနီး အောဘီအမ် မိန်းကလေးများကျောင်းမှာ၊ ဒုတိယကမ္ဘာစစ်ကြီး(ဂျပန်ခေတ်) အပြီးမှာ၊ ပထမဆုံး Bible Assembly လုပ်ကြပါတယ်။ ကျွန်တော်က တက္ကသိုလ်ကျောင်းသားဘဲ ရှိပါသေးတယ်။

Bible Assembly ဆိုဒါ စစ်ကြိုခေတ်မှာ နှစ်တိုင်း ဧပြီလမှာ၊ Oneness in Christ ဖေက် ၄း၄–၇ အတိုင်း ဂိုဏ်းဃနပေါင်းစုံ လူငယ်၊ ကျမ်းစာသင်ရင်း မိတ်သဟာရ ဖွဲ့တဲ့ အစီအစဉ်ပါ။ မေမြို့တောင်စခန်း (ယခု ပြင်ဦးလွင်မြို့) မှာ နှစ်စဉ်နှစ်တိုင်းလုပ်စမြဲပါ။ မေမြို့ မှာ သာသနာက လူငယ်များအတွက် Bible Assembly မြေတကွက် ဝယ်ပေးထားတယ်။ ပထမကမ္ဘာစစ် ၁၉၁၄ ခုမှာပါ။

အောဘီအမ် မိန်းကလေးကျောင်းမှာ Bible Assembly ပြုလုပ်စဉ်က ကျွန်တော့ကို လူငယ်များ ဝိညာဉ်ရေးရာမှာ မကဘဲ၊ ၁ကော ၃း၁၆ မှာ ပါတဲ့အတိုင်း မိမိတို့ရဲ့ ခန္ဓာကိုယ်ကိုလဲ၊ ဂရုစိုက်ဖို့ရန် စခန်းအချိန် ကာလအတွင်း အားကစားတာဝန်ခံအဖြစ်၊ ရာထူးကြီး အပေးခံရပါတယ်။ ၄င်းအချိန်မှာ တပည့်တော်လည်းဖြစ် 'ထူးတဲ့မောင်' လည်းဖြစ်ခဲ့တဲ့ ဗိုလ်မှူးခင်မောင်မြင့်ကို ဘိတ်ကြားပြီး စာတွေ့လက်တွေ့ ပြသစေခဲ့ပါတယ်။ ဒါက သမိုင်းကြောင်းကလေးကို ကြားညှပ်ဖော်ပြခြင်းဖြစ်ပါတယ်။

မထူးပါဘူးဆိုတဲ့ ဘဝမှ ထူးတဲ့မောင်မယ်ဖြစ်လာတာ ပိုမထူးဘူးလား၊ 'ထူးတဲ့ မောင်' ရတဲ့ လူကတော့ မိမိကိုယ်တိုင်က စည်းကမ်းတကျ၊ ကြိုးစားလို့ ထိုက်ထိုက်တန်တန် ဘွဲ့နာမနဲ့ဂုဏ်ပြုခံထိုက်ပါပေတယ်။ ထိုထက် နှစ်ဆသော ဂုဏ်ပြုထိုက်သူမှာ မထူးတဲ့ ဘဝ အခြေအနေမှ၊ မထိုက်မတန်ဘဲ ဂုဏ်ပြုမြှင့်တင်ခြင်း ခံရတဲ့ လူကို အံ့သြစရာမကောင်းပေဘူးလား။

မထူးတော့ပါဘူး၊ ဝက်ဖြစ်တဲ့နောက်တော့ မစင်ရှောင်လို့ မဖြစ်တော့ဘူး ဆိုတဲ့ အိမ်ထောင်ဦးစီး တစ်ဦးကိုပြောပြရင် 'မထူးပါဘူး' ဆိုတဲ့ ဘဝကို ပိုသဘောပေါက်ကြမယ်လို့ ယူဆပြီးပြောပြပါရစေ။

ကျွန်တော်က ဒုတိယကမ္ဘာစစ်ကြီးအတွင်း (၁၉၄၂–၄၅) တွင် ဆယ်ကျော်သက် လူငယ်ပါဘဲ၊ မောင်နှမ (၇)ဦးနဲ့ မိဘနှစ်ဦး ပေါင်း (၉)ဦးရဲ့ စားဝတ်နေရေး၊ ရှန်းကန်တဲ့ဘဝကို အကူ အညီပေးသောအားဖြင့်၊ ကြက်ငှက်၊ ဝက်၊ တောင်ယာထွက်ပစ္စည်းများနဲ့ သွားပြီးအမြတ်ရှာရင်း ပြည်ချောင်း၊ ချောင်းငယ်မြစ်ဖျားခံတဲ့ တစ်နေရာမှာရောက်နေချိန်ဖြစ်ပါတယ်။

လူမနီးတဲ့ တောကြီးတောင်ကြီးထဲမှာ

ကျား၊ ဆင်များ အန္တရယ်တို့ကို ဂရုမပြုနိုင်ဘဲ၊ နေပူမရှောင်၊ မိုးရွာမရှောင်၊ ဓါးမ တစ်ချောင်းကို အရင်းပြုပြီး တောင်ယာခုတ်၍ မိသားစုကို ရှာဖွေကျွေးမွေးတဲ့ ဘခင်က စပါးရိတ်ချိန် ယာခင်းမှ ယာထွက်ပစ္စည်းများရောင်းချပြီး လက်ထဲမှာ မိသားစုအတွက် ရှာထားရာ၊ လက်တွင်ငွေရှင်နေတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ မြို့သားလူလယ်တွေက အကွက်ကောင်းရှာပြီး ပြည်ချောင်း ချောင်းဖျားကို တက်လာကြတယ်။ သူတို့နဲ့ပါလာတဲ့ ပစ္စည်း နှစ်မျိုးကတော့ (၁)ဓါတ်စက် (၂)ဖဲထုပ်တွေ ပါဘဲ။ ချောင်းဖျားမှာ ရှိတဲ့ ချင်းလူမျိုးတွေနဲ့ မိတ်သဟာရ ဖွဲ့တယ်။ ချင်းတွေက ရိုးသားတဲ့ စေတနာနဲ့ ခေါင်ရည်နဲ့ ကြက်သား ဝက်သားတွေနဲ့ ဧည့်ဝတ်ပြုကြတယ်။ ပြီးရင် ဓါတ်စက် ဖွင့်တယ်။ ဓါတ်စက်ကိုနားထောင်တဲ့ လူတွေကို အခမဲ့နားထောင်စေဘို့ နေနေ သာသာ လူကြီး လူငယ်တစ်ဦးကို တစ်မတ် ကောက်တယ်။ ထိုခေတ်က တမတ်ဆိုတာ တန်ဘိုးရှိတယ်။ ပြီးရင် ဖဲထုတ်များနဲ့ ဖဲဝိုင်း ထောင်တယ်။ တောသားတွေက ဖဲအလိမ်ခံရတာလည်း မသိဘူး၊ ရှေ့ပိုင်းမှာ အလျော်ပေးတော့ စိတ်ကပါလာပြီး ထိုးကြတာကို တွေ့ရတယ်။ အဲဒီဝိုင်းမှာ တစ်မိုးလုံး တစ်ဆောင်းလုံး ရှာတဲ့ ပိုက်ဆံတွေအားလုံး ကုန်တော့တာဘဲ။ ကျွန်တော်လဲ ဘေးကကြည့်နေတယ်။ အဲဒီအိမ်ထောင်ဦးစီးက ‘မထူးတော့ပါဘူး၊ ဝက်ဖြစ်မှတော့ မစင်ရှောင်လို့ မဖြစ်တော့ဘူး’ ဟုဆိုကာ၊ ဝတ်လာတဲ့ အကျႌကလေးကို၊ ဖဲဒိုင်လုပ်တဲ့ မြို့သားလူလည်ကို ရောင်းတော့တာပါဘဲ၊ ဒိုင်လုပ်သူက၊ သနားလို့တော့ မဟုတ်ဘူး၊ သူ့ဆီက ရှိသမျှ အားလုံးရတော့ နှစ်ကျပ်ပေးလိုက်တယ်။ မိသားစုစားဝတ်နေရေး ဘယ်လိုနေမလဲ စဉ်းစားပေးလို့မှ မရတဲ့ မထူးတော့ပါဘူးဆိုတဲ့ ဘဝကိုနားလည်နိုင်ကြဘို့ပါဘဲ။

အဲဒီဘခင်အိမ်ထောင်ဦးစီးထက် အဖြစ်ဆိုးတဲ့ လူကတော့ ရှင်မာကု ၂း၁-၁၂ မှာ ပါတဲ့ လူလိုပါဘဲ၊ ခြေ၊ လက် သေနေတဲ့လူဖြစ်တယ်။ လူများက လှည့်ပေးမှ တစ်ဖက်မှ တဖက်ကို လှည့်နိုင်တယ်။ လူများက ခွန့်ပေးမှ စားနိုင်တယ်။ ဒါပေမဲ့၊ သခင်ယေရှုခရစ် ထံမှာ ကိုယ်တိုင်မျက်စိကန်းတဲ့ ဘဝမှ မျက်စိမြင်တဲ့လူ၊ နူနာစွဲနေရာမှ သန့်ရှင်းလာတဲ့သူ၊ ခြေမစွမ်း မသန်ရာမှ၊ သန်စွမ်းလာသူ၊ နားမကြားရာမှ ကြားလာရတဲ့ လူလေးယောက်က သူတို့ရဲ့ မိတ်ဆွေ အဖြစ်နဲ့ ထိုလက်ခြေ သေနေတဲ့လူကို ထမ်းပြီးတော့ ခရစ်တော်ရှေ့ကို ယုံကြည်ခြင်းအပြည့်နဲ့ ကြံဖန်ပြီးပို့ကြတယ်။ သခင်ယေရှုက အိမ်တစ်အိမ်ထဲမှာ ဟောပြော သွန်သင်နေတဲ့အချိန်ဖြစ်တယ်။ လူတွေက ပြည့်ကြပ်နေပါတယ်။ မိတ်ဆွေ (၄)ဦးက ယုံကြည်ခြင်းနဲ့ လက်ခြေသေနေတဲ့ မထူးတဲ့ ဘဝက လူကို ကြံကြံဖန်ဖန် အိမ်ခေါင်မိုးကို ဖောက်ပြီး ခရစ်တော်ရှေ့တည့်တည့် ရောက်အောင် ပုခက်နဲ့ ချပေးကြတယ်။ လူတွေက အံ့သြနေကြတယ်။ ခရစ်တော်က အဲဒီမထူးတော့ပါဘူး ဘဝက လူကို ‘သင့်အပြစ်လွှတ်ပြီ၊ သွားတော့’ လို့ ပြောလိုက်တယ်။ ထပြန်ခိုင်းလိုက်တယ်။

သာသနာခေါင်းဆောင်များဖြစ်တဲ့ ဖါရိရှဲ၊ ဇဒ္ဒုကဲများက ဘုရားကသာ အပြစ်လွှတ်ပိုင်တာ၊ ဒီလူက ဘုရားကို ပုန်ကန်တဲ့လူဘဲလို့ စိတ်ဆိုးကြတယ်။ အဲဒီ မထူးတော့ပါဘူး ဆိုတဲ့ ဘဝထဲက ထူးတဲ့မောင်ဘဝနဲ့ ပြန်ဝင်လာတာ နားထောင်နေတဲ့ ပရိသတ်များထက် ပိုပြီးတော့ ဝမ်းမသာပေဘူးလား၊ လူတွေအံ့သြကြတယ်။

## အပြစ်သား၊ မထူးတော့ပါလား။

အာရုံငါးပါးကြောင့် ကိုယ်ထိလက်ရောက် မပြစ်မှားဘဲ၊ စိတ်ထဲကပြစ်မှား နေတဲ့ ကျွန်တော်ကျွန်မ လူသား၊ အပြစ်သားများက မထူးဇတ်ဖွင့်ကာ မိမိကိုယ်ကို အဆုံးစီရင်သွားဒါတွေ နေ့စဉ်မြင်ရ၊ ကြားရကြတယ် မဟုတ်လား၊ အဲဒီလူတွေနဲ့စာရင် မထူးတော့ပါဘူး၊ ဝက်ဖြစ်တဲ့နောက်တော့ မစင်ရှောင်လို့ မဖြစ်တော့ပါဘူး ဆိုတဲ့လူက ခံသာပါသေးတယ်။

သခင်ယေရှုက မထူးဇတ် ဖွင့်နေတဲ့ ကျွန်တော်ကျွန်မ တစ်ယောက်စီကို ချစ်တယ်။ သနား ဂရုဏာကြောင့်။ ကျွန်တော်ကျွန်မ တစ်ယောက်စီရဲ့ အပြစ်များကို ခံယူ၍ အသွေးတော်နဲ့ ဝယ်ယူဆေးကြောပြီးကားတိုင်ပေါ်မှာ စတေးခံတဲ့ မေတ္တာ ဂရုဏာကြောင့် ထူးတဲ့ မောင်ဘဝကို မထိုက်တန်ဘဲ ပြောင်းလဲစေခဲ့ပြီး ထာဝရအသက်ကို ပေးလျက် နေ့စဉ် ကောင်းကြီးမင်္ဂလာ၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း ကိုပေးတော်မူသော အရှင်သခင်ယေရှုဘုရားကို လက်ခံယုံကြည်လျက် မိမိနဲ့တကွ မိသားစုကို ယေရှုဘုရားလက်ထဲ သို့အပ်နှံကြပါစို့လား။

မေတ္တာဖြင့်တင်ပြသူ

အဖိုးဦးဘသောင်းတင်

# ကျွန်ုပ်၏အသက်တာ

ဒုတိယနှစ်တွင် ရွှေတောင် အင်းမကြား တောင်တန်းနှင့် မိုးရထားလမ်းလမ်းကြား ရှိသမျှရွာများကိုငှင်း၊ ဒုတိယနှစ်တွင် မိုးရထားလမ်းနှင့် ပဲခူးရိုးမ တောင်ကြားရှိရွာများသို့ ငှင်း၊ သာသနာ ပြုဆရာနှင့်ဆရာမများပါ လှည်းနှစ်စီးနှင့်စားအိုးစားခွက်အိပ်ရာများပါ ယူဆောင်လျက်၊ တစ်ခါထွက်လျှင်အနည်းဆုံး ၂ လကြာလေသည်။ သာသနာပြုဆရာ မပါလျှင် ကျွန်ုပ်ကိုယ်တိုင်ဦးဆောင် ရသည်။

ကျမ်းစာသင်ကျောင်းမှထွက်ပြီးနောက်၊ ၁၂၅၅ ခု၊ တပေါင်းလတွင် ကျွန်ုပ်နှင့် တစ်ရွာတည်းနေ၊ မခင်အမည်ရှိသော တပည့်တော်မနှင့် လက်ထပ်ပါသည်။ လက်ထပ်ပြီးမှ ပေါင်းတည်မြို့သို့ပြောင်းရွှေ့၍ အသင်းတော်ကို ကြည့်ရှုစောင့်ထိန်း၍ ခရစ်ယာန်တို့တွင် အမှုတော်ဆောင်ရသည်။ ၁၂၅၉ ခု၊ တန်ခူးလ နှစ်ဆန်း ၅ ရက်တွင် သားမောင်လှဖူးကိုဖွားမြင်ပါသည်။ ထိုအချိန်၌ ၁၂၅၉ ခု၊ နတ်တော်လဆုတ် ၅ရက်။ ၁၈၉၇ ခု၊ ဒီဇင်ဘာ ၁၃ ရက်နေ့တွင်ပင် လက်တင်မင်္ဂလာခံရပါသည်။ ဤနှစ်မေလတွင် အင်းစိန် ကျမ်းစာသင်ကျောင်း၌ အောက်တန်း သင်ပေးရန် ခေါ်ဖိတ်ခြင်းခံရပါသည်။

၁၈၉၇ ခု၊ မေလ ၃ ရက်၊ ကျမ်းစာသင်ကျောင်းရောက်လျှင် ကိုယ်တိုင်ဆရာကြီးများထံ နည်းနာခံ၍ သင်ယူခြင်း၊ ကျောင်းသားများကိုလဲ သင်ပေးခြင်းဖြင့်ဆောင်ရွက်ရာ၊ ဆောင်းဥတုကျောင်းပြန်ဖွင့်သောအခါ၊ မန္တလေးဆရာသာဒင်ရောက်လာသဖြင့် ကျမ်းစာကျောင်း၌ သာဒင်နှင့်သာ ထပ်ဆိုမိပြန်ပါသည်။ ကျမ်းစာကျောင်းတွင် ကျောင်းအုပ်ကြီးများမှာ ဆရာသောမတ်၊ ဆရာအဲဝလက်၊ ဆရာမက်ကွာယား၊ ဆရာစိုက်ယက်၊ ဆရာရိချက်စင်၊ ဆရာဘဟန်တို့လက်ထက်၊ နှစ်ပေါင်း ၄၃ နှစ်လုပ်ဆောင်၍ နောက်ဆုံး၌ ၁၉၄၀ ပြည့်နှစ်တွင်အနားယူလျက်နေပါသည်။

ကျမ်းစာသင်ကျောင်း၌ အလုပ်လုပ်လျက်နေစဉ် ကျောင်းပိတ်သောရက်တွင်၊ အောက်မြန်မာပြည် စီရင်စုအရပ်၊ အထက်မြန်မာပြည် ပျဉ်းမနားနယ်မှစ၍ ဇန်းမော်ထိအောင် သွား၍ အမှုတော်ဆောင်ရွက်ခဲ့သည်။ တလိုင်း(မွန်) ကရင် မအူပင်နယ် စည်းဝေးကြီးများတွင် အခါခါရောက်၍ ဗုဒ္ဓဝါဒီ လူတို့အား ဟောပြောရပါသည်။ မော်လမြိုင် ဘီလူးကျွန်းချောင်းဆုံမြို့၌၊ လူ ၅ ယောက်နှစ်ခြင်းပေးရသည်။ မြင်းခြံမြို့၌ ၃ ယောက်၊ ဟင်္သာတမြောက်ကြို့ပင်ရွာ၌ ၃ ယောက်၊ တိုက်ကြီးနယ် ကျွဲကူးလှိုင်မြစ်၌ ၃ ယောက်၊ ဝါးခယ်မမြို့၌ ၅ ယောက်၊ ဟင်္သာတဒူးယားအင်း၌ ၃ ယောက် ဤသို့ရောက်ရာအရပ် အသင်းတော်များအခွင့်နှင့် နှစ်ခြင်းပေးရသောသူ၊ ကရင်၊ မြန်မာ၊ တရုပ်၊ ကုလားပေါင်း ၁၀၀ ကျော်နှစ်ခြင်းပေးရသည်။

ပြည်နယ်၌ အမှုဆောင်လျက်ရှိစဉ်၊ ဆဲရေးခြင်းကိုပြည်နယ်ပေါက်ခေါင်းမြို့အရှေ့ရပ်သစ်ရွာ၌ တကြိမ်၊ ရွှေတောင်မြို့ကျပ်ရေးရွာ၌တကြိမ်၊ ပေါင်းတည်မြို့ ဆီပင်အင်းရွာ၌တကြိမ်ခံရသည်။ ခဲပစ်ခြင်း ပေါင်းတည်မြို့နေအိမ်၌၊ ဝိုင်း၍ အုပ်ခဲပုလင်းစသည်နှင့်ပစ်ခတ်ခြင်း၊ ပန်းတောင်းကွေ့ရွာ၌ အုပ်ခဲနှင့်ပစ်ခတ်ခြင်း၊ ရွှေတောင်မြို့ရွှေပြောင်ပြောင်လမ်း၌ ကျောက်ခဲမိုးရွာခြင်း၊ ပေါင်းတည်ပေါ်ရွာ၌ နှစ်ဖက်ချွန်ဒုပ်နှင့်ပစ်ခတ်ခြင်း အစရှိသောဒုက္ခများအပြင်၊ တော၌ ထမင်းငတ်ခြင်း၊ လမ်းမသစ်ပင်အောက်စသည်၌ အိပ်ရခြင်း များကိုလည်း တွေ့ခဲ့ရသည်။ သို့သော်ဘယ်ဘေးဒုက္ခတစုံမျှ ကျွန်ုပ်ကိုမနာစေရ မတော်မူသောယေရှုဘုရား၏ ကျေးဇူးတော်ကြီးလှပေ၏။

ကျမ်းစာကျောင်းသို့ရောက်စ ကျောင်းအုပ်ကတော်မ မအဲဝလက်၏ တိုက်တွန်းခြင်းကြောင့်၊ လောကီသားလောကီသူ ခရစ်ယာန်တို့နှင့် ထိမ်းမြှားစုံဖက်ခြင်းကြောင့်၊ ယုံကြည်ခြင်းတရားမှ ရွေ့လျောပျက်စီးခြင်းသို့ ရောက်သောမိန်းခလေး ယောက်ျားလေး တို့ကို အကြောင်းပြု၍ ခရစ်ယာန်မောင်ဘိုးတင့် ဝတ္ထုကိုပုံနှိပ်ထုတ်ဝေရာ ခရစ်ယာန်တို့များစွာ နှစ်သက်ကြသည်။ ယခုနှစ်ခြင်းစာပေအဖွဲ့က ထုတ်ဝေနေပါသည်။

ကျမ်းစာသင်ကျောင်းအုပ်ဆရာကြီးမက်ကွားယား၏ တိုက်တွန်းချက်အရ၊ အာဒိကပ္ပပျို့သစ် ဝေစာတစ်စောင်နှင့် ကျမ်းစာကျောင်းတွင်သင်ကြားရန်၊

ဗေဒ္ဒါဝါသခေ်ပကျမ်းနှင့် ခရစ်ရောဝါဒ သခေ်ပကျမ်း ၂ ဆောင်ကို ၁၉၁၁ ခု၌ ရေးပါသည်။ ဟသ်ာတ၊ ကြို့ပင် ကရင်အသင်းတော် သင်းထောက်သစ်တောအုပ် မောင်ညို၊ ဥက္ကံကုန်သည် ဒေါ်မကလေး၊ သုံးဆယ် သင်းအုပ်ဆရာဦးကံကြီးတို့၏ တိုက်တွန်းချက်အရ၊ လောကမျက်မှန်ကျမ်းအဖြေ၊ ဟသ်ာတ၊ ကြို့ပင် ကရင်သင်းထောက်ဆရာ ဦးကြာခို၊ ဦးသာပြော၊ ဦးထွန်းမောင်တို့တောင်းပန်၍ အာဒိစ္စောပမ အဖြေကျမ်း၊ ကိုယ်တော်ဘယ်သူ့ထံမှ နည်းမခံ ဟူသောဝေစာ၊ မှောင်မိုက်ထဲမှမြင်ရသော အလင်းဟူသောဝေစာ၊ မြန်မာလူမျိုးတို့တွင် အဦးသီးသောအသီး ဦးနောအကြောင်းစာ။ ဘုရားသခင်ဖန်ဆင်းနိုင်သလောဟူသော ပြဿနာစာ၊ ရှေးဖြစ်ဟောင်းအောင်းမေ့ ဖွယ်ဝတ္ထု၊ မိမိအဘို့ကောင်းသောအဘို့ကိုရွေးသောမောင်မောင်သက်ဝတ္ထု၊ အစရှိသည်တို့ကို ရေးထုတ်သည့်အပြင်၊ ကျောင်းအုပ်ဆရာ စိုက်ယက်၏ တိုက်တွန်းချက်အရ၊ မြန်မာပြည်နှင့်သင့်တော်အောင် ခရစ်ယာန်သိကြလောဇီစာအုပ်ကို လည်းပြင်ဆင်ရေးထုပ်ရာ၊ ဂျပန်နှင့်အင်္ဂလိပ် စစ်အတွင်း လက်ရေးမူစာအုပ် ပျောက်ဆုံး၍ မနှိပ်ရပါ။

ကျမ်းစာကျောင်း၌ ဆရာလုပ်စဉ် အခြား သာသနာအလုပ်များကိုလုပ်ဆောင်ခြင်းမှာ၊ ကျွန်ုပ်နှင့်အတူလုပ်ဖေါ်ဆောင်ဘက် ဖြစ်သော မန်းဆရာသာဒင်သည်၊ ၁၉၀၂ ခု၊ ကျမ်းစာသင်ကျောင်းဆရာအလုပ်မှထွက်၍ မန္တလေးမြို့ ဆင်းကားအပ်ချုပ်စက်ကုမ္ပဏီတွင် ကိုယ်စားလှယ်အဖြစ်နှင့် လုပ်တော့မည်ကိုသိ၍ ရန်ကုန်မြို့သင်းအုပ်ဆရာဦးဘိုးမင်းနှင့်တိုင်ပင်၍ ဤမျှကောင်းသော ဓမ္မဆရာတစ်ပါးသည် လောကီအလုပ် လုပ်သွားလျှင် ဘယ်မျှ နှမြောဖွယ်ဖြစ်သည်တကားဟု တိုင်ပင်၍ ကုရှိန်ဟိုက်စကူးမှာရှိသော နော်မာလ်ဆရာဦးလူထင်၊ ဦးဘိုးဆင့် မှစသောဆရာများ၊ ကမာရွတ် ရှမ်းရထားရုံး စာရေးကြီး ဦးဘိုးချို၊ အစိုးရ ကျောင်းဆရာကြီးဦးသာယာ၊ ဒါဝတ်ရုံး စာရေးကြီးဦးဘိုးရိန် တို့နှင့် တိုင်ပင်၍ ၁၉၀၂ ခု၊ အောက်တိုဘာလ ၁၉ ရက်နေ့ ကုရှိန်ကျောင်းဝင်းဆရာ ဦးလူထင်နေအိမ်၌ စည်းဝေး၍ ဇေ၀ံဂေလိတရားတော်ကိုဟောရန် ဇေ၀ံဂေလိ အသင်းဖွဲ့စည်းပြီး မန္တလေးဆရာဦးသာဒင်ကိုအမှုတော်ဆောင်အဖြစ် ခန့်ထား၍ ဆောင်ရွက်စေပါသည်။ ဤအသင်းမှ မြန်မာသာသနာပြုအသင်း၊ မြန်မာသာသနာပြုအသင်းမှ မြန်မာပြည်နှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ်ဟူ၍ အဆင့်ဆင့်နာမည်ပြောင်းခဲ့သော အသင်းဖြစ်သည်။

ဤဇေ၀ံဂေလိအသင်းသည် အစ၌ ဟံသာဝတီ နယ်အတွင်း ဇေ၀ံဂေလိတရားဟောရန် ဖွဲ့စည်းသော်လည်း တဖြည်းဖြည်း နယ်ချဲ့လျက် ဒိစတြိတ်တိုင်း သာသနာပြုဆရာများ အလိုရှိက ကူညီ၍ ဆောင်ရွက်ခြင်း၊ နောက်မှာ မြန်မာပြည်မြေလတ် မြစ်ကွေးခရိုင်၌ ၄င်း၊ မြင်းခြံစစ်ကိုင်းခရိုင်၌၄င်း ဆောင်ရွက်၍ ယခုမှာတပြည်လုံး၏ အဖွဲ့ချုပ်ဖြစ်လေပြီ။ ထိုအသင်းကို တည်ထောင်သည်မှစ၍ မန်းဆရာနှင့်တွဲလျှက် တရံတခါ အသင်း၏ ဥက္ကဋ္ဌအဖြစ်နှင့် ၄င်း၊ တရံတခါ အတွင်းရေးမှူးအဖြစ်နှင့်၄င်း၊ တရံတခါ မြန်မာ့တမန်စာ အယ်ဒီတာအဖြစ်နှင့်၄င်း၊ ကျွန်ုပ်များစွာ ကူညီ၍ ဆောင်ရွက်ခဲ့သည်။ တမန်စာကို အယ်ဒီတာ အလုပ် မယူမီ ဇေ၀ံဂေလိသတင်းစာ အယ်ဒီတာ အဖြစ်နှင့် ၄ နှစ်၊ နောက် မြန်မာ့တမန်စာနှင့် ပေါင်း၍ မြန်မာ့တမန် စာအယ်ဒီတာအဖြစ်နှင့် ၁၄ နှစ်ခန့်ဆောင်ရွက်လာရာ၊ စေတနာ့ ဝန်ထမ်းသက်သက် ဆောင်ရွက်ခဲ့သဖြင့် အသင်း၏ အမှုဆောင်ကော်မီတီလူကြီးများက၊ ရွှေလက်ပတ်နာရီတစ်လုံးကို ဆုပေးကြပါသည်။ အသင်း၏ ကိုယ်ပိုင်သတင်းစာထုတ်ဝေမှု နယ် သီးခြားယူ၍ သာသနာပြုမှုတို့ကိုလည်း ကိုယ်တိုင်အကြံပေး၍ ဆောင်ရွက်ခဲ့သည်။ အသင်းတည်စ၌ရင်းနှီးငွေ ၁၀၀၀၀ စုခြင်း၊ ပေါင်းတည်မှသာသနာလယ် ၁၇ ကေ၊ မော်လမြိုင်ကျွန်း ကြံုလမမှ လယ် ၃၁ ကေအဖိုးငွေ ၈၀၀၀၀ တန်ကိုမြန်မာ သာသနာပြုအသင်းအတွက်၊ ကျွန်ုပ်နာမည်နှင့် ရေစစ်စရိပ်ပြုလုပ်အလှူ ခံလျှက် ထားခဲ့ပါသည်။ အသင်း၏ အတွက် ကျွန်ုပ်ဆောင်ရွက်ခဲ့သမျှမှာ စေတနာ့ ဝန်ထမ်းသက်သက်ဖြစ်ပေတည်း။

ကျမ်းစာသင်ကျောင်း၌ ရှိစဉ်၊ ဆရာဝိုက်ယက် ကျောင်းအုပ်ဖြစ်စဉ်၊ မြန်မာကျမ်းစာ သင်ကျောင်းမှ ထွက်သောလူအမျိုးမျိုးတို့ကို အင်းစိန်မြို့ မြန်မာစာကျမ်းစာသင်ကျောင်းမှ ထွက်သော ဓမ္မဆရာအသင်း ဟူသောအမည်နှင့် ၁၉၁၉ ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အသင်း၏ ရည်ရွယ်ချက်မှာ အမြို့မြို့၌ရှိသော ဓမ္မဆရာတို့ ဓမ္မအမှု၌ တိုးတက်ဆောင်ရွက်နိုင်ရန်၄င်း၊ ကျမ်းစာသင်ကျောင်းတိုးတက်နိုင်ရန် မစရန်၄င်း၊ အချင်းချင်းမေတ္တာထုံးဖွဲ့၍ ချစ်ခြင်းမေတ္တာ တိုးတက်တက်စေရန်၄င်း၊ လောက၌ ချို့တဲ့ အားနည်း ဒုက္ခရောက်သော ဓမ္မဆရာနှင့် ၄င်းတို့မှ ဆက်နွယ်သော သားမယားတို့အား တတ်အားသမျှ ထောက်ပံ့အံ့ငှာ၄င်း၊ ဖွဲ့စည်းခြင်း ဖြစ်ပါသည်။ နောက်အသင်းတည်၍ ၃ နှစ်။ ၁၉၂၂ ခုနှစ် ရောက်သောအခါ၊ ကွယ်လွန်သော ဓမ္မဆရာ၏ စပ်ဆိုင်သူတို့ကို မစရန်၊ ရန်ပုံငွေဖွင့်၍ ကွယ်လွန်သောသူ ဓမ္မဆရာကြီးများ၏ စပ်ဆိုင်ရာသူတို့ကို ထုတ်ပေးမစလျှက် ရှိနေခဲ့လေပြီ။

–ပြည်သာဒင်–

# သူတစ်ပါး၌

ဆရာဝန်တစ်ဦးကို တွေ့ဖူးပါသည်။ အလွန်အောင်မြင်၍ ဆေးလိုက်သည်ဟုပြောရမည်ဖြစ်ပါသည်။ သူကုသသောလူနာများ ပျောက် ကင်းသည်က များရာကြာလျှင် မာန်မာနထောင်လွှားလျက် လုပ်ကိုင်ဖက်နှင့် လူနာများအပေါ်မှာ သဟောက်သဟန်း လုပ်တတ်လာ၏။ အလွန် မောက်မာသော်လည်း ပညာကြီးမား၊ ကြွယ်ဝချမ်းသာ၊ အောင်မြင်သောသူ ဖြစ်ရကား မည်သူမျှမဟန့်တားနိုင်ပါ။ တစ်စုံတစ်ယောက်က သူပြော သောစကားကို ငြင်းဆန်ဆွေးနွေးမည်ဆိုလျှင် "ဒီမှာကိုယ့်လူ၊ ကျုပ် ဘယ်သူလဲဆိုတာ မောင်ရင်သိရဲ့လား" ဟု ခတ်မာမာမေးတတ်ရာ မည် သူမျှပြန်မပြောနိုင်တော့ပါ။ သူကတော့ ဆရာဝန်ကြီးတစ်ဦးဖြစ်သည်ထက် ပိုပိုသာသာ ဩဇာအာဏာကို အသုံးပြုလေ၏။

တစ်နေ့တွင်မူ . . . ချောင်းဆိုးရောဂါတစ်ခုကို ရလာသည်မှအစပြု၍၊ အတော်ပင်စိတ်ညစ်လာရသည်။ ရောဂါ၏အမည်မှာ လေပြွန် ကင်ဆာဟုသိရသောအခါ ပျာယာခတ်သွားလေ၏။ သူ့ကိုယ်ကို အပ်နှံရလေသည်။ ကောင်းကောင်းခွဲပေးပါခင်ဗျား။ ကျွန်တော်အသက်ဟာ ခင်ဗျားတို့လက်ထဲမှာရှိပါတယ်။ စေတနာ၊ မေတ္တာ၊ ဂရုဏာနဲ့ ခွဲပေးပါ။ ကျွန်တော့အသက်ကို ကယ်ပါ . . . ဟုတောင်းပန်ရလေ၏။ တော်ပါ သေးသည်။ သူ့ကိုတာဝန်ယူ၍ ကုသပေးမည့် ဆရာဝန်များက ယုံကြည်သူစင်စစ်ဖြစ်ကာ၊ ဝိုင်းဝန်းလျက် အကောင်းဆုံး ဆောင်ရွက်ပေးပါ သည်။ သူနာပြုများနှင့် ဝန်ထမ်းများက ဂရုစိုက်ပေးပါ၏။ ထိုအချိန်မှာ . . . 'ဒီမှာကိုယ့်လူ၊ ကျုပ်ဘယ်သူလဲ ဆိုတာ မောင်ရင်သိရဲ့လား' ဟု တစ်စုံတစ်ယောက်ကမှ မပြောကြပါ။ ထိုစကားမျိုးကို သတိရ၍ သူကိုယ်တိုင် အပြောခံရမှာ ကြောက်နေသော်လည်း အပြောမခံခဲ့ရပါ။ ထို ကာလ၌ ဆရာဝန်ကြီးသည် လူနာတစ်ယောက်ဖြစ်သွားခဲ့ပါ၏။ ဆရာဝန် ဝတ်ရုံနှင့် နားကြပ်မရှိတော့သော လူနာစင်စစ်ဖြစ်သွားသောအခါမှ လူနာတစ်ယောက်၏ ခံစားချက်၊ မျှော်လင့်ချက်နှင့် အားကိုးအားထားပြုခြင်းကို သူနားလည်ခဲ့ရပါသည်။ ခွဲစိတ်ခြင်းအောင်မြင်သောအခါ ပြန် ၍ ကျန်းမာလာ၍ ဆရာဝန်အလုပ်ကို လုပ်နိုင်သောအခါ တပည့်များအား ဤသို့ပြောပါ၏။ ဆရာဝန်ကောင်းဖြစ်ဖို့ မင်းတို့အားလုံး ဆရာဝန် ဝတ်စုံကိုချွတ်၍ (၇၂)နာရီကြ လူနာလုပ်ကြည့်ဖို့လိုပါတယ် . . . ဟူ၍ဖြစ်ပါသတဲ့။

သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသည့်အတိုင်းသူတစ်ပါး၌ ပြုဖို့ရန် သခင်ယေရှု မိန့်တော်မူခဲ့ပါ၏။ ဤပညတ်ကို အမှန်တကယ် လိုက်နာခဲ့ပါရဲ့လား . . . ဟုဆင်ခြင်ကြပါစို့။ ကိုယ်ကျင့်တရားနှင့် သနားခြင်း ဂရုဏာကို နှလုံးသား၌ နေရာပေးနိုင်ပါမှ ကိုယ်တော်၏ ပညတ် အချုပ်အချာလိုက်နာသောသူ၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို လိုက်လျှောက်သူဖြစ်ပေ လိမ့်မည်။

မှတ်ချက်။ ။ ညစဉ်ခွန်အားစာစောင်မှကောက်နှုတ်တင်ပြထားပါသည်။